Form (2)



THE REPUBLIC OF THE UNION OF MYANMAR

The Myanmar Investment Commission

PERMIT

Permit No. 626/2013 Date 17 September 2013

The Myanmar Investment Commission issues this Permit under section 13(b) of the Republic of the Union of Myanmar Foreign Investment Law-

(a) Name of Investor/Promoter MR. NATTHI CHOLSAIPANT

(b) Citizenship THAI

(c) Address 214/1- 214/2 PASICHAROEN CANAL NORTH SIDE ROAD, NONGKAM, BANGKOK 10160, THAILAND

(d) Name and Address of principal Organization -

(e) Place of incorporation -

(f) Type of business in whih investment is to be made MANUFACTURING OF PLASTIC BAG

(g) Place(s) at which investment is permitted NO.1, CORNER OF KANAUNG MINTHAR GYI STREET AND THU KHITAR STREET, DAGON SEIKKAN INDUSTRIAL ZONE NO. (2), DAGON SEIKKAN TOWNSHIP, YANGON REGION

(h) Amount of foreign capital US$ 2.255 MILLION

(I) Period for bringing in foreign capital WITHIN ONE YEAR FROM THE DATE OF ISSUANCE OF MIC PERMIT

(j) Total amount of capital (Kyat) EQUIVALENT IN KYAT OF US$ 2.30 MILLION

(k) Construction period 2 YEARS

(1) Permitted duration of investment 50 YEARS

(m) Form of investment JOINT VENTURE

(n) Name of the economi organization to be formed in Myanmar POLYSACK MYANMAR CO., LTD.

Win Shein

Chairman

The Myanmar Investment Commission

2/619

THE REPUBLIC OF THE UNION OF MYANMAR

MYANMAR INVESTMENT COMMISSION

Building No.(32), Nay Pyi Taw

Our ref : Ya Ka-1/Na-830/2013(16701-C)
Date : 17 September 2013

Tel: 067- 406334, 406075
Fax: 95-67-406333

Subject: **Decision of the Myanmar Investment Commission on the Proposal for "Manufacturing of Plastic Bag" under the name of "Polysack Myanmar Co., Ltd."**

Reference: Polysack Myanmar Co., Ltd. Letter dated (5.6.2013).

1. The Myanmar Investment Commission, at its meeting (23/2013) held on (4-9-2013) had approved the proposal for investment in "Manufacturing of Plastic Bag" under the name of "Polysack Myanmar Co., Ltd." submitted as a joint venture between Mr. Natthi Cholsaipant (78%), Mrs. Somsri Cholsaipant (20 %) from Thailand and U Zayar Min (2%)from the Republic of the Union of Myanmar.

2. Hence, the "Permit" is herewith issued in accordance with Chapter VII, section 13(b) of the Republic of the Union of Myanmar Foreign Investment Law and Chapter VIII, Rule 49 of the Foreign Investment Rules relating to the said Law. Terms and conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be 50 (Fifty) years extendable for 10 (Ten) years 2 (two) times subject to approval by Myanmar Investment Commission. The land lease period shall be 30 (Thirty) years extendable for 5 (Five) years period commencing from the date of signing of the Lease Agreement for land and building by mutual agreement between Daw Nilar Myint and Polysack Myanmar Co., Ltd. At the end of the Lease period, Polysack Myanmar Co., Ltd. shall transfer the land to lessor within 3 (three) months in good condition, ground damages having been refilled and repaired.

4. The annual rent for the land shall be US$ 156,000 (United States Dollar one hundred and fifty-six thousand only) for 30 years calculated at the rate of US$ 6.16 per square meter per year of the land measuring 25,312.328 square meter (252,459 square feet) (6.254 acres). The rate of rent shall be revised in view of prevailing land lease rates after 5 (Five) years period and increase of the rate shall not be more than 5 % of the preceding annual rent.

5. In issuing this "Permit," the Commission has granted, the followings, exemptions and reliefs as per section 27(a)(h)(i) and (k) of the Republic of the Union of Myanmar Foreign Investment Law. Other exemptions and reliefs under section 27 shall have to be applied upon the actual performance of the project;

(a) As per section-27(a), income tax exemption for a period of five consecutive years including the year of commencement on commercial operation;

(b) As per section-27(h), exemption or relief from customs duty or other internal taxes or both on machineries, equipments, instruments, machinery components, spare parts and materials used in the business which are imported as they are actually required for used during the period of construction of business;

(c) As per section-27(i), exemption or relief from customs duty or other internal taxes or both on raw materials imported for production for the first three-year after the completion of construction of business;

(d) As per section-27(k), exemption or relief from commercial tax on the goods produced for export.

6. Polysack Myanmar Co., Ltd. shall have to sign the lease agreement of land and building with Daw Nilar Myint. Mr. Natthi Cholsaipant and Mrs. Somsri Cholsaipant shall have to sign the Joint Venture Agreement with U Zayar Min. After signing such Agreements, each of (5) copies shall have to be forwarded to the Commission.

7. Polysack Myanmar Co., Ltd. in consultation with the Department of Company Registration, Directorate of Investment and Company Administration shall have to be registered. After registration, (5) copies each of Certificate of Incorporation and Memorandum and Articles of Association shall have to be forwarded to the Commission.

8. Polysack Myanmar Co., Ltd. shall use its best efforts for timely realization of works stated in the Proposal. If none of such works has been commenced within one year from the date of issue of this "Permit" it shall become null and void.

9. Polysack Myanmar Co., Ltd. has to abide by Chapter X, Rule 58 and 59 of the Foreign Investment Rules for construction period.

10. As per Chapter X, Rule 61 of the Foreign Investment Rules extension of construction period shall not be granted more than one expect it is due to unavoidable events such as natural disasters, instability, riots, strikes, emergency of State condition, insurgency and outbreak of wars.

11. As per Chapter X, Rule 63 of the Foreign Investment Rules, if the Polysack Myanmar Co., Ltd. cannot construct completely in time during the construction period or extension period, the Commission will have to terminate the permit issued to the investor and there is no refund for the expenses of the project.

12. The commercial date of operation shall be reported to the Commission.

13. Polysack Myanmar Co., Ltd. shall endeavour to meet the targets for production and export stated in the proposal as the minimum target.

14. The Commission approves periodical appointments of foreign experts and technicians from abroad as per proposal in accordance with Chapter XI, section 24 and section 25 of the Republic of the Union of Myanmar Foreign Investment Law and Polysack Myanmar Co., Ltd. has to follow the exisiting Labour Laws for the recruitment of staff and labour in accordance with Chapter XIII, Rule 84 of the Foreign Investment Rules.

15. In order to evaluate foreign capital and for the purpose of its registration in accordance with the provisions under Chapter XV, section 37 of the Republic of the Union of Myanmar Foreign Investment Law, it is compulsory to report as early as possible in the following manner:-

(a) the amount of foreign currency brought into Myanmar, attached with the necessary documents issued by the respective bank where the account is opened and defined under Chapter XVI, Rule 134 and 135 of the Foreign Investment Rules;

(b) the detailed lists of the type and value of foreign capital defined under section-2(i) of the said Law, other than foreign currency.

16. Polysack Myanmar Co., Ltd. brings in foreign capital defined under section-2(i) of the said Law, other than foreign currency in the manner stated in paragraph 15(b) mentioned above, the Inspection Certificate endorsed and issued by an internationally recognized Inspection Firm with regard to quantity, quality and price of imported materials shall have to be attached.

17. Polysack Myanmar Co., Ltd. has the right to make account transfer and expend the foreign currency from his bank account in accordance with Chapter XVI, Rule 136 and for transfer of local currency generated from the business to the local currency account opened at the bank by a citizen or a citizen or a citizen-owned business in the State and right to transfer back the equivalent amount of foreign currency from the foreign currency bank account of citizen or citizen-owned business by submitting the sufficient document in accordance with Chapter XVII, Rule 145 of the Foreign Investment Rules.

18. Polysack Myanmar Co., Ltd. shall report to the Commission for any alteration in the physical and financial plan of the project. Cost over run, over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

19. Polysack Myanmar Co., Ltd. shall be responsible for the preservation of the environment at and around the area of the project site. In addition to this, it shall carry out as per instructions made by Ministry of Environmental Conservation and Forestry in which to conduct Initial Environmental Examination (IEE) process and an Environmental Management Plan (EMP) which describe the measure to be taken for preventing, mitigation and monitoring significant environmental impacts resulting from the implementation and operation of proposed project or business or activity has to be prepared and submitted, and to perform activities in accordance with this EMP.

20. Payment of principal and interest of the loan (if any) as well as payment for import of raw materials and spare parts etc., shall be made from export earnings of Polysack Myanmar Co., Ltd.

21. Polysack Myanmar Co., Ltd. in consultation with Myanma Insurance, shall effect such types of insurance defined under Chapter XII, Rules 79 and 80 of the Foreign Investment Rules.

Win Shein

(Win Shein)
Chairman

Polysack Myanmar Co., Ltd.

cc: 1. Office of the Union Government of the Republic of the Union of Myanmar
2. Office of the Yangon Region Government
3. Ministry of National Planning and Economic Development
4. Ministry of Finance
5. Ministry of Commerce
6. Ministry of Industry
7. Ministry of Foreign Affairs

8. Ministry of Home Affairs
9. Ministry of Immigration and Population
10. Ministry of Labour, Employment and Social Security
11. Ministry of Environmental Conservation and Forestry
12. Ministry of Electric Power
13. Director General, Directorate of Investment and Company Administration
14. Director General, Directorate of Human Settlement and Housing Development
15. Director General, Directorate of Industrial Supervision and Inspection
16. Director General, Customs Department
17. Director General, Internal Revenue Department
18. Managing Director, Myanma Foreign Trade Bank
19. Managing Director, Myanma Investment and Commercial Bank
20. Managing Director, Myanma Insurance
21. Managing Director, Myanma Electric Power Enterprise
22. Director General, Directorate of Trade
23. Director General, Immigration and National Registration Department
24. Director General, Directorate of Labour
25. Director General, Department of Environmental Conservation
26. Chairman, Republic of the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI)

အကြောင်းအရာ။ **ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Polysack Myanmar Co., Ltd. မှ ပလပ်စတစ် ထုပ်ပိုး အိတ်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။	ကုမ္ပဏီအမည်/ ကမကထပြုသူ	- Polysack Myanmar Co., Ltd. - Mr. Natthi Cholsaipant (ထိုင်း)
	အဖွဲ့အစည်းပုံသဏ္ဍာန်	- ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု (JV) - Mr. Natthi Cholsaipant (ထိုင်း) ၇၈ % - Mrs. Somsri Cholsaipant (ထိုင်း) ၂၀ % - ဦးဇေယျာမင်း (မြန်မာ) ၂ %
	လုပ်ငန်းအမျိုးအစား	- ပလပ်စတစ် ထုပ်ပိုးအိတ်ထုတ်လုပ်ခြင်းလုပ်ငန်း
၂။	တည်နေရာ	- အမှတ် (၁)၊ ကနောင် မင်းသားကြီးလမ်းနှင့် သုခိတာလမ်းထောင့်၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန် (၂)၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
	မြေပိုင်ရှင်	- ဒေါ်နီလာမြင့် (၂၉-၁၂-၂၀၁၁ နေ့မှစ၍ နှစ် (၆၀))
	မြေဧရိယာ	- ၂၅၃၁၈.၂၅၈ စတုရန်းမီတာ (၆.၂၅၄ ဧက)
၃။	နှစ်စဉ်မြေ နှင့် အဆောက်အဦငှားရမ်းခ	- နှစ်စဉ်မြေနှင့်အဆောက်အဦငှားရမ်းခနှုန်း အမေရိကန် ဒေါ်လာ (၁၅၆,၀၀၀) ဖြစ်ပါသည်။ - မြေတစ်စတုရန်းမီတာလျှင်(၁)နှစ် အမေရိကန်ဒေါ်လာ (၆.၁၆) နှုန်း ဖြစ်ပါသည်။
၄။	လုပ်ငန်းသက်တမ်း	- ကနဦး (၅၀) နှစ် နှင့် နောက်ထပ် (၁၀)နှစ် (၂) ကြိမ် တိုးမြှင့်ခွင့်
	တည်ဆောက်ရေးကာလ	- ၂ နှစ်
၅။	ဝန်ထမ်းအင်အား	- **၃၅၇**
	ပြည်တွင်း	- ၃၅၁ (ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာ ကျပ် ၉၃,၅၀၀၊ အမြင့်ဆုံးလစာမှာ ကျပ် ၁,၂၇၅,၀၀၀)
	ပြည်ပ	- ၆ (ပြည်ပဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာ US$ ၁,၀၀၀ ၊ အမြင့်ဆုံးလစာ US$ ၃,၀၀၀)
၆။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- အမေရိကန်ဒေါ်လာ ၂.၃၀၀ သန်း
	ထည့်ဝင်သည့်အမျိုးအစား	- အမေရိကန်ဒေါ်လာ (သန်း)

	နိုင်ငံသားထည့်ဝင်မှု	နိုင်ငံခြားသားထည့်ဝင်မှု	စုစုပေါင်း
ငွေသား	၀.၀၀၃	၀.၁၆၅	၀.၁၆၈
စက်နှင့် စက်ပစ္စည်း	-	၁.၆၆၃	၁.၆၆၃
ရုံးသုံးပရိဘောဂ	၀.၀၄၃	၀.၁၅၉	၀.၂၀၂
မော်တော်ယာဉ်	-	၀.၂၆၇	၀.၂၆၇
	၀.၀၄၆	**၂.၂၅၄**	**၂.၃၀၀**

၇။	ရောင်းချမည့် နည်းစနစ်	- ၁၀၀ % ပြည်ပသို့ တင်ပို့ရောင်းချခြင်း
၈။	ကုမ္ပဏီ၏ ဝင်ငွေ (ပုံမှန်နှစ်) (ဆဋ္ဌမနှစ်)	- အမေရိကန်ဒေါ်လာ ၁၆.၀၅၂ သန်း
	အသုံးစရိတ်(ပုံမှန်နှစ်)(ဆဋ္ဌမနှစ်)	- အမေရိကန်ဒေါ်လာ ၁၅.၃၁၄ သန်း
	အသားတင်အမြတ်(ပုံမှန်နှစ်)(ဆဋ္ဌမနှစ်)	- အမေရိကန်ဒေါ်လာ ၀.၇၃၈ သန်း
၉။	နိုင်ငံတော်မှရရှိမည့်အကျိုးအမြတ် (ဆဋ္ဌမနှစ်)	
	ဝင်ငွေခွန်	- အမေရိကန်ဒေါ်လာ ၀.၂၄၆ သန်း
	အရင်းကြေကာလ	- ၄ နှစ် ၂ လ
	အရင်းအနှီးအပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR)	- ၂၃.၂၂ %
၁၀။	လျှပ်စစ်ဓါတ်အား သုံးစွဲမှု	- ၁၁၉,၆၀၀ Unit

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက- ၁/န-၈၃၀/၂၀၁၃(၈၂၇၀)

ရက်စွဲ၊ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၉ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြမည့် အမှာစာ

အကြောင်းအရာ။ **ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Polysack Myanmar Co., Ltd. မှ ပလပ်စတစ် ထုပ်ပိုးအိတ် ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။ ထိုင်းနိုင်ငံမှ Mr. Natthi Cholsaipant မှ ၇၈ %၊ Mrs. Somsri Cholsaipant မှ ၂၀ % နှင့် မြန်မာနိုင်ငံမှ ဦးဇေယျာမင်းမှ ၂ % ဖက်စပ်ပြု၍ မြန်မာနိုင်ငံတွင် Polysack Myanmar Co., Ltd. တည်ထောင်ကာ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် အမှတ် (၁)၊ ကနောင်မင်းသားကြီးလမ်းနှင့် သုခိတာလမ်းထောင့်၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန် (၂)၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေ ၂၅၃၁၂.၂၅၈ စတုရန်းမီတာ (၆.၂၅၄ ဧက) ၌ ပလပ်စတစ် ထုပ်ပိုးအိတ်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုလွှာတင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ မြေပိုင်ရှင် ဒေါ်နီလာမြင့်နှင့် မြေငှားရမ်းသူ Polysack Myanmar Co., Ltd. တို့ ချုပ်ဆိုထားသည့်မြေငှားစာချုပ် (မူကြမ်း)၊ Mr. Natthi Cholsaipant၊ Ms. Somsri Cholsaipant နှင့် ဦးဇေယျာမင်းတို့ ချုပ်ဆိုမည့် ဖက်စပ်စာချုပ် (မူကြမ်း)နှင့် လုပ်ငန်းတည်နေရာပြ မြေပုံများကို ပူးတွဲတင်ပြထားပါသည်။

၃။ လုပ်ငန်းဆောင်ရွက်မည့် မြေနှင့် အဆောက်အဦဧရိယာမှာ ၂၅,၃၁၂.၂၅၈ စတုရန်းမီတာ (၆.၂၅၄ ဧက) ဖြစ်ပါသည်။ အဆောက်အဦတွင် Warehouse (၂) လုံးပါဝင်မည် ဖြစ်ပြီး အကျယ်အဝန်းမှာ (၈၀ ပေ x ၂၀၀ ပေ) နှင့် (၃၇၀ ပေ x ၃၄၀ ပေ)၊ Office (၁) လုံး၏ အကျယ်အဝန်းမှာ (၂၄ ပေ x ၃၄ ပေ)နှင့် Staff House (၁) လုံး၏ အကျယ်အဝန်းမှာ (၃၀ ပေ x ၈၀ ပေ) ဖြစ်ပါသည်။ နှစ်စဉ်မြေနှင့် အဆောက်အဦငှားရမ်းခမှာ US$ ၁၅၆,၀၀၀ ဖြစ်ပြီး တစ်စတုရန်းမီတာလျှင် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ (၆.၁၆) နှုန်းဖြစ်ပါသည်။ မြေနှင့် အဆောက်အဦငှားရမ်းကာလမှာ (၃၀) နှစ်နှင့် နောက်ထပ် (၅) နှစ်သက်တမ်းတိုးမြှင့်မည် ဖြစ်ပါသည်။

၄။ လုပ်ငန်းစီမံကိန်း ကာလမှာ ကနဦး (၅၀) နှစ်နှင့် နောက်ထပ် (၁၀) နှစ် (၂) ကြိမ် သက်တမ်း တိုးမြှင့်မည်ဖြစ်ပြီး အဆောက်အဦးပြင်ဆင်ကာလမှာ (၂) နှစ်ကြာမြင့်မည် ဖြစ်ကြောင်း တင်ပြထားပါသည်။

ကန့်သတ်

၅။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်းဦးရေ (၃၅၁) ဦးနှင့် ပြည်ပမှ ကျွမ်းကျင်ဝန်ထမ်းဦးရေ (၆) ဦး၊ စုစုပေါင်း (၃၅၇) ဦး ခန့်ထားမည် ဖြစ်ပါသည်။ ပြည်တွင်း လုပ်သားတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၉၃,၅၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ကျပ် ၁,၂၇၅,၀၀၀ ဖြစ်ပါသည်။ ပြည်ပလုပ်သားတစ်ဦး၏ အနိမ့်ဆုံးလစာမှာ US$ ၁,၀၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ US$ ၃,၀၀၀ ဖြစ်ပါသည်။

၆။ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

US$ (သန်း)

	နိုင်ငံသားထည့်ဝင်မှု	**နိုင်ငံခြားသားထည့်ဝင်မှု**	**စုစုပေါင်း**
ငွေသား	၀.၀၀၃	၀.၁၆၅	၀.၁၆၈
စက်နှင့် စက်ပစ္စည်း	-	၁.၆၆၃	၁.၆၆၃
ရုံးသုံးပရိဘောဂ	၀.၀၄၃	၀.၁၅၉	၀.၂၀၂
မော်တော်ယာဉ်	-	၀.၂၆၇	၀.၂၆၇
စုစုပေါင်း	**၀.၀၄၆**	**၂.၂၅၄**	**၂.၃၀၀**

၇။ အဆိုပြုလုပ်ငန်းမှ ပြည်ပသို့ ၁၀၀ % တင်ပို့ရောင်းချမည် ဖြစ်ပါသည်။ ကုမ္ပဏီမှ ပုံမှန် နှစ် (၆) နှစ်မြောက်ထုတ်လုပ်မှုမှာ Jumbo Bag ၇,၈၀၀,၀၀၀ Pcs ထုတ်လုပ်မည်ဖြစ်ပြီး ရောင်းဈေးနှုန်းမှာ 20 Kg ဆံ့ Jumbo Bag တစ်အိတ်လျှင် US$ ၂.၀၆ ဖြစ်ပါသည်။

၈။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (၆ နှစ်မြောက်) တွင် ရရှိမည့် ကုမ္ပဏီ၏ ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

		US$(သန်း)
(က)	ဝင်ငွေ	၁၆.၀၅၂
(ခ)	အသုံးစရိတ်	၁၅.၃၁၄
(ဂ)	အသားတင်အမြတ်	၀.၇၃၈

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ် (၆ နှစ်မြောက်) တွင် ရရှိမည့် အကျိုးအမြတ်ခန့်မှန်းခြေမှာ ဝင်ငွေခွန် US$ ၀.၂၄၆ သန်း ရရှိမည် ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ (၄) နှစ်နှင့် (၂) လဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း IRR မှာ ၂၃.၂၂ % ဖြစ်ပါသည်။ အမေရိကန်တစ်ဒေါ်လာလျှင် ၈၅၀ ကျပ်နှုန်းဖြင့် တွက်ချက်ထားပါသည်။

၁၀။ အဆိုပြုလုပ်ငန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားမှတ်ချက် ပြန်ကြားလာပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**မှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် မြေနေရာသည် နောင်ပြုလုပ်မည့်(သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်းမရှိပါကြောင်း၊ မြို့နယ်ဒေသ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု

အတွက် အထောက်အကူ ဖြစ်စေပါကြောင်း၊ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန် အတွက် ဒေသခံပြည်သူများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါကြောင်း၊ အဆိုပြုလုပ်ငန်း ဆောင်ရွက်မှု အားခွင့်ပြုသင့်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။

နောက်ဆက်တွဲ-က

(ခ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**မှ အဆိုပါ လုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို ရှောင်ရှားနိုင်ရန်အတွက် ပလတ်စတစ်အိတ် ထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာ ဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် စက်ကိရိယာများနှင့် ကုန်ထုတ်လုပ်မှုနည်းပညာများ အသုံးပြုရန်နှင့် စက်ရုံအတွင်း မီးဘေးအန္တရာယ်ကြုံတွေ့ရပါက အလွယ်တကူမီးငြိမ်းသတ်နိုင်မည့် ပစ္စည်းများနှင့် မီးသတ်ရေကန်များအား ထည့်သွင်းတည်ဆောက်ရန်၊ ဓါတုကုန်ကြမ်း ပစ္စည်းများအား သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် လုပ်ငန်းလည်ပတ်ရာမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်အရည်များအား အနီးရှိ မြစ်၊ ချောင်းများအတွင်းသို့ မစွန့်ပစ်ဘဲ စက်မှုဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော စံချိန်၊ စံညွှန်းထိရောက်အောင် သန့်စင်ပြီးမှ စွန့်ပစ်ရန်၊ စွန့်ပစ်ပစ္စည်းထွက်ရှိမှု လျော့နည်းစေရေးအတွက် လျှော့ချသည့် နည်းလမ်း၊ စွန့်ပစ်ပစ္စည်းအချို့အား ပြန်လည်အသုံးပြုမည့် နည်းလမ်းနှင့် ပြန်လည်အသုံးပြု၍ ရသည့် ပစ္စည်းများအား မူလပုံစံအတိုင်းဖြစ်စေ၊ အခြားပုံစံအသစ်တစ်မျိုးသို့ ဖြစ်စေ ပြန်လည်ပြုပြင်သုံးစွဲနိုင်သည့် နည်းလမ်းများ အသုံးပြု၍ နေ့စဉ်ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းပမာဏ လျော့နည်းစေမည့် စီမံချက်များ ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း (Initial Environmental Examination- IEE) ပြုလုပ်၍ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက် (Environmental Management Plan- EMP) ရေးဆွဲပြုစုတင်ပြစေပြီး စီမံချက်ပါအတိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပြဋ္ဌာန်းချက်များနှင့် ဆက်လက်ထုတ်ပြန်ပြဋ္ဌာန်းမည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ယင်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ပြန်သွားမည့် စံချိန်စံညွှန်းများ၊ စည်းမျဉ်းစည်းကမ်းများအား လိုက်နာ ဆောင်ရွက်သွားရန် သဘောထားမှတ်ချက်ပြန်ကြားထားပါသည်။ **ကုမ္ပဏီက သဘောထားမှတ်ချက် နှင့်အညီ လိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း ကတိဝန်ခံချက်တင်ပြထားပါသည်။**

နောက်ဆက်တွဲ-ခ

(ဂ) **စက်မှုဝန်ကြီးဌာန**မှ ကုန်ကြမ်းလိုအပ်ချက်နှင့် ကုန်ချောထုတ်လုပ်မှုအချိုးအစား ညီညွတ်မှုရှိပါကြောင်း၊ နှစ်စဉ်ထုတ်လုပ်မှုနှင့် စက်အင်အား၊ လူအင်အား အချိုးအစားညီညွတ်မှု ရှိပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအမံများ စနစ်တကျ ဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်း၊ သုံးစွဲမည့် Polypropylene နှင့် Polyethy ကုန်ကြမ်းများကို လေဝင်လေထွက်ကောင်းမွန်ပြီး အပူချိန်မြင့်မားမှု မရှိသောနေရာတွင် သိုလှောင်ရန် လိုအပ်ပါကြောင်း၊ ထွက်ရှိသည့် အလေအလွင့်များနှင့် အိတ်ခွံဟောင်းများအား Recycle ပြန်လည်ပြုလုပ်ရန်နှင့် Recycle မလုပ်နိုင်ပါက စနစ်တကျ စွန့်ပစ်ရန် လိုအပ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။ **ကုမ္ပဏီက သဘောထား မှတ်ချက် နှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ကတိဝန်ခံချက်တင်ပြ ထားပါသည်။** **နောက်ဆက်တွဲ-ဂ**

၁၁။ ငွေရေးကြေးရေး အထောက်အထား အဖြစ် ၂၅-၃-၂၀၁၃ နေ့တွင် Mr. Natthi Cholsaipant သည် CIMB Thai Bank ၌ US$ ၂၂၉,၁၆၈.၀၄ ရှိကြောင်း ထောက်ခံစာ၊ ၂၅-၃-၂၀၁၃ နေ့တွင် Mrs. Somsri Cholsaipant သည် Standard Chartered Bank (Thai) ၌ THB ၁၀,၀၇၀,၉၉၈.၅၆ ရှိကြောင်း ထောက်ခံစာ၊ ၅-၄-၂၀၁၃ နေ့တွင် ဦးဇေယျာမင်း သည် ကမ္ဘောဇဘဏ် (ရန်ကုန်) ၌ ကျပ် ၂,၅၀၀,၀၀၀ ရှိကြောင်း ထောက်ခံစာတို့ကို တင်ပြထားပါသည်။

၁၂။ Polysack Myanmar Co., Ltd. မှ ဝန်ထမ်းများ၏ လုပ်ခလစာဝင်ငွေခွန် ထမ်းဆောင်မည် ဖြစ်ကြောင်း၊ ဝန်ခံကတိပြုစာ၊ မီးဘေးကြိုတင် ကာကွယ်ရေး အတွက် စီမံချက်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရန် ဆောင်ရွက်ထားမှုအခြေအနေနှင့် စက်ရုံဝန်ထမ်းများသက်သာချောင်ချိရေးနှင့် လုပ်ငန်းခွင်သာယာရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုတို့ကို တင်ပြထားပါသည်။

၁၃။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကိုခံစားခွင့်ပြုပါရန်တင်ပြထားပါသည်။

၁၄။ အဆိုပါလုပ်ငန်းသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ၁/၂၀၁၃ ဖြင့်ထုတ်ပြန်ထားသည့် စီးပွားရေးအမျိုးအစားတွင် နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်း အမျိုးအစား ဖြစ်ပါသည်။

၁၅။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ပုဂ္ဂလိကမြေတွင်ငှားရမ်း ဆောင်ရွက်ခွင့်ပြုရန် ကိစ္စကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ် ဇူလိုင်လ (၂၉) ရက်၊ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၃) မှ သဘောတူထားပါသည်။

၁၆။ သို့ပါ၍ မြန်မာနိုင်ငံတွင် Polysack Myanmar Co., Ltd. တည်ထောင်ကာ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် အမှတ် (၁)၊ ကနောင်မင်းသားကြီးလမ်းနှင့် သုခိတာလမ်းထောင့်၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန် (၂)၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေ ၂၅၃၁၂.၂၅၈ စတုရန်းမီတာ (၆.၂၅၄ ဧက) ၌ ပလပ်စတစ် ထုပ်ပိုးအိတ်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြခြင်းအပေါ် လမ်းညွှန်မှုခံယူအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(ချိုချိုဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ကန့်သတ်

၆

ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
၁။	Polysack Myanmar Co., Ltd.	(၁) Mr. Natthi Cholsaipant Director Thai P. P No. Z 832151	214/ 1-214/2, Pasicharoen Canal North Side Road, Nongkam, Bangkok 10160, Thailand
		(၂) Mrs. Somsri Cholsaipant Director Thai P. P No. Z 832184	214/ 1-214/2, Pasicharoen Canal North Side Road, Nongkam, Bangkok 10160, Thailand
		(၃) U Zayar Min Director 12/ Ya Ta Ya (N) 096383	1692/A, 5th Street, 14th Ward, ThaKe Tha Township, Yangon.

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ် - ၀၁-၂၂၃၈၂၀၊ ၀၉-၅၁၆၃၄၈၄

၂။ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ -

၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ရာထူး - ဦးဇော်မင်း

၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ - ပလပ်စတစ် ထုပ်ပိုးအိတ်ထုတ်လုပ်ခြင်း လုပ်ငန်း

၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ -

၆။ ကုမ္ပဏီမှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်နေ့စွဲ -

၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ် -



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ် ၊ ၂ / ၃ - ၆ (၅) / စီးပွား
ရက်စွဲ ၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်

M. 2341
26/7

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၇. ၆. ၂၀၁၃ ရက်စွဲပါစာအမှတ်၊ ရက - ၁ / န - ၈၃၀ / ၂၀၁၃ (၆၆၀၆)

၁။ ထိုင်းနိုင်ငံမှ Mr.Natthi Cholsaipant မှ (၇၈%) Mrs.Somsri Cholsaipant မှ (၂၀%)နှင့် မြန်မာနိုင်ငံမှ ဦးဇေယျာမင်းမှ (၂%) ဖက်စပ်ပြု၍ Polysack Myanmar Co.,Ltd တည်ထောင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံ(ဆိပ်ကမ်း)စက်မှုဇုန်(၂)၊ ကနောင်မင်းသားကြီး လမ်းနှင့် သုခိတာ လမ်းထောင့်၊ အမှတ်(၁)ရှိ မြေ ၂၅၃၁၂. ၂၅၈ စတုရန်းမီတာ(၆. ၂၅၄ ဧက)၌ ပလပ် စတစ်ထုတ်ပိုးအိတ် ထုတ်လုပ်ခြင်းလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာခြင်း အပေါ် သဘောထားမှတ်ချက်ပြန် ကြားပေးရန် ရည်ညွှန်းစာဖြင့်အကြောင်းကြား လာခြင်းနှင့်ပတ်သက်၍ ကွင်းဆင်းစိစစ်မှုအရ အောက်ပါအတိုင်း သဘောထားမှတ်ချက်တင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုပြုမည့်နေရာသည် နောင်ပြုလုပ်မည့်(သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက် နိုင်ခြင်း မရှိပါ၊

(ခ) အဆိုပြုလုပ်ငန်း လည်ပတ်လုပ်ကိုင်ပါက လုပ်သားအင်အား(၃၅၀)ဦး အလုပ်အကိုင်ရရှိ မည်ဖြစ်သောကြောင့်မြို့နယ်ဒေသအလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် အထောက်အကူဖြစ်ပါသည်။

(ဂ) အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြေနှင့်အဆောက်အဦ (၂၅၃၁၂. ၂၅၈ စတုရန်း မီတာ)အား တစ်စတုရန်းမီတာလျှင် 6.16 USD/Yr နှုန်းဖြင့် နှစ်(၃၀)ငှားရမ်း လုပ်ကိုင်ခြင်း အပေါ် ဒေသခံပြည်သူများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါသည်။

D//Azo/Htoo/lesson/28/9

၂။ အထက်ဖော်ပြပါအချက်များကြောင့် ၁၁. ၇. ၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂၈/၂၀၁၃)၊ ဆုံးဖြတ်ချက်အပိုဒ်(၄၀)အရ Polysack Myanmar Co.,Ltd ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ လုပ်ငန်းသစ်ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

(မြင့်ဆွေ)
ဝန်ကြီးချုပ်

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီးသစ်တောနှင့်စွမ်းအင်ဝန်ကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးရုံး
ဒဂုံ(ဆိပ်ကမ်း)မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးရုံး
Polysack Myanmar Co.,Ltd
လက်ခံစာတွဲ
မျှောစာတွဲ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

M-2280
17/7

စာအမှတ် ၂/၂၂၀(ခ)(၆)/(၄၅၃၉ /၂၀၁၃)
ရက်စွဲ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ ။ Polysack Myanmar Co.,Ltd မှ ပလတ်စတစ်ထုတ်ပိုးအိတ် လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၇-၆-၂၀၁၃ ရက်စွဲပါစာအမှတ်-ရက - ၁ / န-၈၃၀ / ၂၀၁၃ (၆၆၀၇)

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ Polysack Myanmar Co.,Ltd သို့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်(၂)၊ အမှတ်(၁) ကနောင်မင်းသားကြီးလမ်းနှင့် သုခိတာလမ်းထောင့်ရှိ မြေ (၆.၂၅၄) ဧကပေါ်၌ ပလတ်စကစ်ထုတ်ပိုးအိတ် ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန်ကိစ္စနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကို စီစစ်ပြန် ကြားအပ်ပါသည်။

၂။ ပူးတွဲပေးပို့လာသည့်အဆိုပြုလွှာအားစီစစ်ရာတွင် ထိုင်းနိုင်ငံ၊ Mr.Natthi Cholsaipant မှ (၆၀%)၊ Mrs. Somsri Cholsaipant မှ (၂၀%) နှင့်မြန်မာနိုင်ငံ၊ ဦးဇေယျာမင်း မှ(၂%) ဖက်စပ်ပြု၍ Polysack Myanmar Co.,Ltd တည်ထောင်ကာ ပလတ်စတစ်ထုတ်ပိုးအိတ် ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပြုလွှာနှင့်အတူမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး စီမံချက်၊ ဝန်ထမ်းများ လုပ်ငန်းခွင်သာယာရေး နှင့် သက်သာချောင်ချိရေး စီမံချက်များကို ဖော်ပြထားပြီး ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့်ပတ်သက်၍ ရေဆိုးသန့်စင်မှုစက် (Waste Water Treatment Plant) ဖြင့်စွန့်ပစ်မည်ဖြစ်ကြောင်း၊ စက်ရုံဧရိယာအတွင်း ရေဆိုးများနှင့်အနံ့ဆိုးများ မထွက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသာ ယေဘုယျအားဖြင့် ဖော်ပြထားပြီး ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရန် စနစ်တကျထိန်းသိမ်းဆောင်ရွက်မည့် အသေးစိတ်အစီအစဉ်နှင့် စီမံချက်များ ထည့်သွင်းဖော်ပြထားခြင်းမရှိသည်ကို စီစစ်တွေ့ရှိရပါသည်။

၃။ အဆိုပြုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်နိုင်မှုရှိ/မရှိနှင့် ပက်သက်၍ ပလတ်စတစ် ထုတ်ပိုးအိတ် ထုတ်လုပ်ရာတွင် အဓိကအသုံးပြုမည့် Polypropylene နှင့် Polyethylene ကုန်ကြမ်းပစ္စည်းများသည် ဆွေးမြေ့ပျက်ဆီးရန်အချိန်ကြာမြင့်ခြင်း၊ ယင်းကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ ပလတ်စတစ်အိတ်ထုတ်လုပ်ရန် အပူချိန်မြင့်မားစွာပေးရာမှ ထွက်ရှိလာသည့် အခိုးအငွေ့များကြောင့် အလုပ်သမားများ၏ အသက်ရှူလမ်းကြောင်းနှင့်မျက်စိအား ထိခိုက်နိုင်ပြီး ပတ်ဝန်းကျင်လေထုညစ်ညမ်းနိုင်ခြင်း၊ ယင်းကုန်ကြမ်းပစ္စည်းများကိုအသုံးပြုရာမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်အရည်များကြောင့် ပတ်ဝန်းကျင်မြေထုနှင့်ရေထုညစ်ညမ်းမှုဖြစ်ပေါ်နိုင်ခြင်း၊ ပလတ်စတစ်အိတ်ထုတ်လုပ်ရန် ဓာတုပစ္စည်းများအား အရည်ကျိုရာမှထွက်ရှိလာမည့် အခိုးအငွေ့များတွင် ပတ်ဝန်းကျင်လေထုအတွင်းရှိ အိုဇုန်းလွှာပျက်ဆီးစေနိုင်သည့် Volatile organic compounds(VOCs)နှင့် အဆိပ်ဖြစ်စေသော ဓာတုဒြပ်ပေါင်းများကြောင့် ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုဖြစ်ပေါ်နိုင်ခြင်း၊ ပလတ်စတစ်ပြုလုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများသည် မီးလောင်ရန်လွယ်ကူပြီး လုပ်ငန်းအဆင့်ဆင့်မှထွက်ရှိလာမည့် ပလတ်စတစ် အမှုန်အမွှားများ၊ စွန့်ပစ်ပစ္စည်းများကြောင့် မီးလောင်မှုအန္တရယ်ဖြစ်ပေါ်နိုင်ခြင်းနှင့် ပတ်ဝန်းကျင်အား ထိခိုက်မှု ဖြစ်ပေါ်စေနိုင်ပါသည်။

၄။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ Polysack Myanmar Co.,Ltd သို့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်(၂)၊ အမှတ်(၁) ကနောင်မင်းသားကြီးလမ်းနှင့် သုခိတာလမ်းထောင့်ရှိ မြေ (၆.၂၅၄) ဧကခွဲ ပလတ်စတစ်ထုတ်ပိုးအိတ် ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန်ကိစ္စနှင့်ပတ်သက်၍ အောက်ဖော်ပြပါအချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်-

(က) အဆိုပါလုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်ဆီးမှုများကို ရှောင်ရှားနိုင်ရန်အတွက် ပလတ်စတစ်အိတ် ထုတ်လုပ်ပုံအဆင့်ဆင့်နှင့်စီမံကိန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် စက်ကိရိယာများနှင့် ကုန်ထုတ်လုပ်မှုနည်းပညာများ အသုံးပြုရန်နှင့် စက်ရုံအတွင်း မီးဘေးအန္တရာယ်ကြုံတွေ့ရပါက အလွယ်တကူ မီးငြိမ်းသတ်နိုင်မည့်ပစ္စည်းများနှင့် မီးသတ်ရေကန်များအား ထည့်သွင်းတည်ဆောက်ရန်၊

(ခ) ဓာတုကုန်ကြမ်း ပစ္စည်းများအားသိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း နှင့် လုပ်ငန်းလည်ပတ်ရာမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းနှင့်စွန့်ပစ်အရည်များ အား အနီးရှိ မြစ်၊ ချောင်းများအတွင်းသို့ မစွန့်ပစ်ဘဲ စက်မှုဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော စံချိန်၊ စံညွှန်း ထိရောက်အောင် သန့်စင်ပြီးမှစွန့်ပစ်ရန်၊ စွန့်ပစ်ပစ္စည်းထွက်ရှိမှု လျော့နည်းစေရေးအတွက်လျှော့ချသည့်နည်းလမ်း (Reduce)၊ စွန့်ပစ်ပစ္စည်းအချို့အားပြန်လည် အသုံးပြုမည့် နည်းလမ်း (Reuse) နှင့် ပြန်လည်အသုံးပြု၍ရသည့် ပစ္စည်းများအား မူလပုံစံအတိုင်း ဖြစ်စေ၊ အခြားပုံစံအသစ်တစ်မျိုးသို့ဖြစ်စေ ပြန်လည်ပြုပြင်သုံးစွဲ နိုင်သည့် နည်းလမ်း (Recycle) များ အသုံးပြု၍ နေ့စဉ်ထွက်ရှိသည့် စွန့်ပစ်ပစ္စည်း ပမာဏလျော့နည်းစေမည့်စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) အဆိုပြုစီမံကိန်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း (Initial Environmental Examination-IEE) ပြုလုပ်၍ ပတ်ဝန်းကျင် ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက် (Environmental Management Plan-EMP) ရေးဆွဲပြုစုတင်ပြစေပြီး စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင် ရွက်ရန်၊

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပြဋ္ဌာန်းချက်များနှင့် ဆက်လက်ထုတ်ပြန် ပြဋ္ဌာန်းမည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ယင်းဥပဒေ၊ နည်း ဥပဒေများအရ ထုတ်ပြန်သွားမည့် စံချိန်စံညွှန်းများ၊ စည်းမျဉ်း စည်းကမ်း များအား လိုက်နာဆောင်ရွက်သွားရန်၊

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(မျိုး ဝင်း ၊ ရုံး အ ဖွဲ့ မှူး)

မိတ္တူ - ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

M-2205
10.7.13

စာအမှတ်၊ ၁၃-စမ(၂)၂၀၁၃-၂၀၁၄(၁၆၆၅)

ရက်စွဲ ၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၉ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၇.၆.၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ရက-၁/န-၈၃၀/၂၀၁၃(၉၆၀၅)

၁။ ထိုင်းနိုင်ငံမှ Mr.Natthi Cholsaipant မှ ၇၈%၊ Mrs. Somsri Cholsaipant မှ ၂၀% နှင့် မြန်မာနိုင်ငံမှ ဦးဇေယျာမင်းမှ ၂% ဖက်စပ်ပြု၍ မြန်မာနိုင်ငံတွင် Polysack Myanmar Co.,Ltd တည်ထောင်ကာ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်(၂)၊ ကနောင်မင်းသားကြီးလမ်းနှင့် သုခိတာလမ်းထောင့်၊ အမှတ်(၁)ရှိ မြေ(၆.၂၅၄)ဧက၌ ပလတ်စတစ်ထုပ်ပိုးအိတ်ထုတ်လုပ်ခြင်းလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာပါသည်။

၂။ အဆိုပါကုမ္ပဏီမှ ဆောင်ရွက်မည့်လုပ်ငန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဒဂုံဆိပ်ကမ်းစက်မှုဇုန်(၂)တွင် ပလတ်စတစ်ထုပ်ပိုးအိတ်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

(ခ) ကုန်ကြမ်းလိုအပ်ချက်နှင့်ကုန်ချောထုတ်လုပ်မှုအချိုးအစားညီညွတ်မှုရှိပါသည်။

(ဂ) နှစ်စဉ်ထုတ်လုပ်မှုနှင့် စက်အင်အား၊ လူအင်အားအချိုးအစားညီညွတ်မှုရှိပါသည်။

(ဃ) လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအမံများ စနစ်တကျဆောင်ရွက်ထားရှိရန် လိုအပ်ပါသည်။

(င) သုံးစွဲမည့် Polypropylene နှင့် Polyethy ကုန်ကြမ်းများကို လေဝင်လေထွက်ကောင်းမွန်ပြီး အပူချိန်မြင့်မားမှုမရှိသောနေရာတွင် သိုလှောင်ရန် လိုအပ်ပါသည်။

(စ) ထွက်ရှိသည့်အလေအလွင့်များနှင့် အိတ်ခွံဟောင်းများအား Recycle ပြန်လည်ပြုလုပ်ရန်နှင့် Recycle မလုပ်နိုင်ပါက စနစ်တကျစွန့်ပစ်ရန်လိုအပ်ပါသည်။

၃။ သို့ပါ၍ Polysack Myanmar Co.,Ltd မှ ပလတ်စတစ်ထုပ်ပိုးအိတ်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် အထက်ပါလိုအပ်ချက်များအား ပြင်ဆင်ဖြည့်ဆည်းပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ဤဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(သွင်မြင့်မောင်၊ ရုံးအဖွဲ့မှူး)

မိတ္တူကို

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

M -1845
13/6

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
ရုံးအမှတ်၃၂၊ နေပြည်တော်

ကြေးနန်းလိပ်စာ - "စိစစ်တိုး"
တယ်လီဖုန်းအမှတ်- ၄၀၆၀၆၅
- ၄၀၆၀၆၆
- ၄၀၆၀၆၇
- ၄၀၆၀၆၈
- ၄၀၆၀၆၉
- ၄၀၆၀၇၀
- ၄၀၆၀၇၁

စာအမှတ်၊စစတ- ဦး/၇၂၁(၁၆၂၃/၂၀၁၃)
ရက်စွဲ၊ ၂၀၁၃ ခုနှစ် ဇွန်လ ၁၂ ရက်

အမှာစာ

အကြောင်းအရာ။ **ထိုင်းနိုင်ငံမှ Mr.Natthi Cholsaipant မှ ၇၈ %၊ Mrs.Somsri Cholsaipant မှ ၂၀ % နှင့် မြန်မာနိုင်ငံမှ ဦးဇေယျာမင်းမှ ၂ % ဖက်စပ်ပြု၍ မြန်မာနိုင်ငံတွင် Polysack Myanmar Co., Ltd. တည်ထောင်ကာ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ပလပ်စတစ် ထုပ်ပိုးအိတ် ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြခြင်း ကိစ္စ**

ရည်ညွှန်းချက်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ ၇-၆-၂၀၁၃ ရက်စွဲပါစာအမှတ် ရက-၁/ န-၈၃၀/၂၀၁၃(၆၅၄၂)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံမှ Mr.Natthi Cholsaipant မှ ၇၈%၊ Mrs.Somsri Cholsaipant မှ ၂၀%နှင့် မြန်မာနိုင်ငံမှ ဦးဇေယျာမင်းမှ ၂% ဖက်စပ်ပြု၍ မြန်မာနိုင်ငံတွင် Polysack Myanmar Co., Ltd. တည်ထောင်ကာ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် အမှတ်(၁)၊ ကနောင်မင်းသားကြီးလမ်းနှင့် သုခိတာလမ်းထောင့်၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်(၂)၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေ ၂၅၃၁၂.၂၅၈ စတုရန်းမီတာ (၆.၂၅၄ ဧက) ၌ ပလပ်စတစ်ထုပ်ပိုးအိတ် ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စအပေါ် စီးပွားရေးတွက်ချက်မှုဆိုင်ရာ ကိစ္စရပ်များအား စိစစ်ပြီး တွေ့ရှိချက်များ ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာပါ ငွေသားစီးဆင်းမှု စာရင်းများကို အခြေခံ၍ စိစစ်တွက်ချက်ရာ အောက်ပါအတိုင်း တွေ့ရှိရပါကြောင်း ပြန်ကြားအပ်ပါသည်-

(က) ငွေသားစီးဆင်းမှုစာရင်း (Cash Flow) မှ အချက်အလက်များဖြင့် တွက်ချက်ရာ ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း IRR မှာ ၁၄ % ရရှိပြီး ကုမ္ပဏီမှ တွက်ချက်တင်ပြထားသည်မှာ ၁၅ % ဖြစ်သဖြင့် အနည်းငယ် ကွဲလွဲမှု ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ကွဲလွဲမှုမှာ IRR တွက်ချက်ပုံ ယူဆချက် ကွာခြားမှုကြောင့်သာ ဖြစ်ပါကြောင်း၊ အသားတင်လက်ငင်းတန်ဖိုး သုညနှင့် အနီးစပ်ဆုံး ရရှိနိုင်သည့်

အရင်းလျှော့နှုန်းမှာ ၁၄ % ဖြစ်ပါကြောင်း၊ အကျိုးအမြတ်နှင့် ကုန်ကျစရိတ်အချိုးမှာ ၁.၀၀ ရရှိပြီးအသားတင်လက်ငင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ(၀.၅၂၇၅)သန်းဖြစ်သဖြင့် စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိသည်ကို တွေ့ရှိရပါကြောင်း၊

(ခ) တွက်ချက်ရရှိသော အရင်းကြေကာလမှာ ၈ နှစ် နှင့် ၆ လ ဖြစ်ပြီး အဆိုပြုလွှာပါ အရင်းကြေကာလနှင့် တူညီမှုရှိသည်ကို တွေ့ရှိရပါကြောင်း၊

(ဂ) Polysack Myanmar Co.,Ltd.သည် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့် စီမံကိန်းအား စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ (၂.၃၀၀)သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊

(ဃ) **လူမှုရေးအကျိုးသက်ရောက်မှုအနေဖြင့်** နိုင်ငံအတွင်း ဝန်ထမ်း (၃၅၁)ဦးခန့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအတွက်သက်သာချောင်ချိရေးအစီအစဉ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များဆောင်ရွက်ထားရှိမည်ဟု ဖော်ပြပါရှိပါကြောင်း၊

(င) **ပတ်ဝန်းကျင်အပေါ်အကျိုးသက်ရောက်မှုများ** အတွက် မီးဘေးကြိုတင်ကာကွယ်ရေးအစီအစဉ်များနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပွားစေရန် အစီအစဉ်များ ဆောင်ရွက်ထားရှိမည်ဟု ဖော်ပြပါရှိပါကြောင်းနှင့် အဆိုပါအစီအမံများအား အလေးထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊

(စ) အဆိုပါ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ခြင်းဖြင့် နိုင်ငံသားများ၏ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်မှုမှတစ်ဆင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာနိုင်စေခြင်း၊ ခေတ်မီနည်းပညာရပ်များ ရရှိစေနိုင်ခြင်းနှင့် နိုင်ငံခြားဝင်ငွေ တိုးမြင့်လာနိုင်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည် ဖြစ်ပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ဒေါက်တာကျော်ဆန်း၊ ညွှန်ကြားရေးမှူး)

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရုံးလက်ခံ။

Annex No. (I)

PROPOSAL FORM (1) RE - ITEM 4(b)

LIST OF EXECUTIVES OF MYANMAR POLYSACK CO., LTD

Sr No.	Name	Citizenship & Passport No.	Address	Proposed Designation	Amount of Authorised Capital	Shares-holding (Approximately)
					USD	
